မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၄ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်မင်းဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးကျော်မြင့်လှိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကံချွန်<br>အထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ခ) | ဒေါ်နုနုယဉ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (ဂ) | ဒေါ်ခင်ချိုအုန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (ဃ) | ဦးအောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (င) | ဒေါ်မြင့်မြင့်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်တွင်းစာရင်းစစ်ဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (စ) | ဒေါ်မေမာလာမောင်ကြီး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မူဝါဒရေးရာသုတေသန၊<br>နိုင်ငံတကာဆက်ဆံရေးနှင့်<br>သင်တန်းဌာနနှင့် ငွေကြေးမူဝါဒရေးရာဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်း<br>ဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဆ) | ဒေါ်သီတာမျိုးအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဇ) | ဦးဝင်းသော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပါရှိသော -

(က) "အင်စပက်တော်ချုပ်" ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ခ) "အင်စပက်တော်" ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးအရာရှိ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ဂ) "အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်" ဆိုသည့်စကားရပ်နှင့် "တာဝန်ခံ လက်မှတ်" ဆိုသည့်စကားရပ်တို့ကို "အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင် ဆရာဝန် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ဃ) "မှတ်ပုံဝင်ဆရာဝန်" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင် ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(င) "မြန်မာနိုင်ငံဘယဆေးဆိုင်ရာ အက်ဥပဒေ" ဆိုသည့်စကားရပ်ကို "တိုင်းရင်းဆေးကောင်စီဥပဒေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(စ) "အဆက်ဆာလူကြီး" ဆိုသည့်စကားရပ်ကို "အကဲဖြတ်ပုဂ္ဂိုလ်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

(ဆ) "မြူနီစီပါယ်" ဆိုသည့်စကားရပ်ကို "စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေး အဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂ -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "အသက်တဆယ့်ငါးနှစ် မပြည့်သေးသူ" ဆိုသည့် စကားရပ်ကို "အလုပ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ဆရာဝန်က ခွင့်ပြုသည့် အသက် တစ်ဆယ့်လေးနှစ်ပြည့်ပြီး အသက်တစ်ဆယ့်ခြောက်နှစ် မပြည့်သေးသူ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "အသက်တဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်လျက်၊ အသက်ဆယ့်ရှစ်နှစ် မပြည့်သေးသူ" ဆိုသည့် စကားရပ်ကို "အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး အသက် တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဋ)၊ ပုဒ်မခွဲငယ် (ဃဃ) တွင် ပါရှိသော "အက္ခရာပုံနှိပ်မှု" ဆိုသည့် စကားရပ်ကို "စာပုံနှိပ်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ယင်း၏နောက်တွင် "မိတ္တူကူးယူလုပ်ကိုင်မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဋ)၊ ပုဒ်မခွဲငယ် (ငင) တွင် ပါရှိသော "ရေယာဉ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်၏နောက်၌ "အခြားယာဉ် တစ်မျိုးမျိုးကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(င) ပုဒ်မခွဲ (ဋ)၊ ပုဒ်မခွဲငယ် (ငင) ၏ နောက်တွင် ပုဒ်မခွဲငယ် (စစ) နှင့် ပုဒ်မခွဲငယ် (ဆဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စစ) လျှပ်စစ်နှင့် အီလက်ထရောနစ် နည်းပညာဆိုင်ရာပစ္စည်းများ တည်ဆောက်မှု၊ ပြန်လည် တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်ထုတ်လုပ်မှု သို့မဟုတ် ပြန်လည်အသုံးပြုနိုင်ရန် စီမံမှု၊

(ဆဆ) ဓာတုပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်း။"

(စ) ပုဒ်မခွဲ (ဌ) တွင် ပါရှိသော "သို့ရာတွင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း မလုပ်သည့်အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင်၊ စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ။" ဆိုသည့် စကားရပ်ကို "ယင်းစကားရပ်တွင် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့်နေရာ သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်သောနေရာတစ်ခုခုတွင် ကြီးကြပ်သူ၊ လုံခြုံရေး၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သား စသည်တို့လည်း ပါဝင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **အလုပ်ရုံ**ဆိုသည်မှာ အလုပ်သမား ၅ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သောအစိတ်အပိုင်းတစ်ခုခုတွင်၊ အားအကူ အညီဖြင့် လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာကိုပါဆိုလိုပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင် ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ် အပိုင်းတစ်ခုခုတွင်၊ အားအကူအညီမရှိဘဲ လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့လုပ်ကိုင်သည့် အဆောက်အအုံတစ်ခုခု နှင့်တကွ ဥပစာလည်းပါဝင်သည်။ ထို့ပြင် အလုပ်သမားတစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သည့် မော်တော်ယာဉ်ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ်ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများ ပါဝင်သည့်အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေနှင့် သက်ဆိုင်သည့် သတ္တုတွင်းမပါဝင်။"

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၅) နှင့် ပုဒ်မခွဲ (၆)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (၅)၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲ (၄) နှင့် ပုဒ်မခွဲ (၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၃)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲ (၄) နှင့် ပုဒ်မခွဲ (၆)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၄)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၅ တို့တွင် ပါရှိသော "နိုင်ငံတော်သမတ" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၀ တို့ကို ပယ်ဖျက်ရမည်။

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "အင်စပက်တော်ချုပ်ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ ပေးပို့သည့်နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာ မပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကို ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်" ဆိုသည့်စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်လျော်သော နည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လက်ခံ ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "အစိုးရ" ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈ -

(က) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) တွင် ပါရှိသော "နေရပ်အပြည့်အစုံ" ဆိုသည့်စကားရပ်၏ နောက်တွင် "ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်(စ်)နံပါတ်၊ အီးမေးလ်လိပ်စာ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င) တွင် ပါရှိသော "အသုံးပြုရမည့် အားအမျိုးအစားနှင့် ပမာဏ" ဆိုသည့် စကားရပ်ကို "လုပ်ငန်းအမျိုးအစား၊ အသုံးပြုရမည့် လျှပ်စစ်ဝန်အားနှင့် စက်စွမ်းအား" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၆) တွင် ပါရှိသော "ပိတ်ရသည့် အလုပ်ရုံမှာ တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ ယင်းသို့ပိတ်သည့်အချိန်မှ ခုနစ်ရက်အတွင်း အင်စပက်တော်ချုပ်ထံ အကြောင်းကြားရမည်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၇) တွင် ပါရှိသော "သို့ရာတွင် တဆယ့်ငါးယောက်ထက်မများသော အလုပ်သမားများကို ခိုင်းစေသည့် အလုပ်ရုံဖြစ်လျှင်၊ အလုပ်ကိုပြန်လည်လုပ်သည့်နေ့မှ ခုနစ်ရက်အတွင်း ယင်းသို့ ပြန်လည်လုပ်ကြောင်း နို့တစ်စာကို အင်စပက်တော်ချုပ်ထံ ပေးပို့ရမည်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ -

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၂ တို့တွင် ပါရှိသော "အစိုးရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ဒေသန္တရ၊ သို့တည်းမဟုတ် အခြားပြည်သူ့အာဏာပိုင်" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၀၂ တို့တွင် ပါရှိသော "အခြားဒေသန္တရ အာဏာပိုင်" ဆိုသည့် စကားရပ်တို့ကို "သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့" ဆိုသည့် စကားရပ်တို့ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ထားသည့် မှတ်ပုံတင်ဆရာဝန်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များကို ဤအက်ဥပဒေကိစ္စအလို့ငှာ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ထောက်ခံချက် လက်မှတ်ထုတ်ပေးသည့် ဆရာဝန်များအဖြစ် မှတ်ယူရမည်။"

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ (၂) တို့တွင် ပါရှိသော "နိုင်ငံတော်သမတ" ဆိုသည့် စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ -

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င) တွင် ပါရှိသော "ပြဋ္ဌာန်းထားသည့်" ဆိုသည့်စကားရပ်ကို "သတ်မှတ်ထားသည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃)နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ (၂) တို့တွင် ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "သတ်မှတ် နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၄) တွင် ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြဋ္ဌာန်းနိုင်သည့်အပြင်" ဆိုသည့် စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "နည်းဥပဒေများပြုနိုင်သည်" ဆိုသည့် စကားရပ်တို့ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "ပြဋ္ဌာန်းသည့်" ဆိုသည့် စကားရပ်ကို "သတ်မှတ်သည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ် (က) တွင် ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့်စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈) တွင် ပါရှိသော "ပြဋ္ဌာန်းနိုင်သည်" ဆိုသည့်စကားရပ်ကို "ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၄ -

(က) ပုဒ်မခွဲ (၁) တွင် ပါရှိသော "ပြုလုပ်မှုလုပ်ငန်းစဉ်အရ၊ စွန့်ပစ်သည့်ပစ္စည်းများနှင့် ယိုစီးသည့်အရာများကို၊ သုတ်သင်ရှင်းလင်းရန်အတွက်၊ ထိရောက်သော အစီအစဉ်များပြုရမည်" ဆိုသည့် စကားရပ်ကို "ပြုလုပ်မှုလုပ်ငန်းစဉ်အရ စွန့်ပစ်သည့်ပစ္စည်းများ၊ ယိုစီးသည့်အရာများနှင့် အခိုးအငွေ့များ၊ အမှုန်အမွှားများ၊ အနံ့အသက်များကို ရှင်းလင်းသန့်စင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) တွင် ပါရှိသော "သတ်မှတ်သည့်အာဏာပိုင်၏ သဘောတူညီချက်ကို ရရှိရမည်ဟု" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက်ရယူရမည်ဟု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "ပြဒါးတိုင်တခု" ဆိုသည့်စကားရပ်ကို "အပူချိန်တိုင်းကိရိယာနှင့် အခြားလိုအပ်သည့်ကိရိယာများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "အင်တာနယ်ကွန်ဘတ်ရှင်း" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄) တွင် ပါရှိသော "ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုငှင်း" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) တို့တွင် ပါရှိသော "ထွေးခံ" ဆိုသည့် စကားရပ်ကို "တံတွေးထွေးရန်ခွက်နှင့်အမှိုက်ပုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (၂) ၏ နောက်တွင် ပုဒ်မခွဲ (၃) နှင့် ပုဒ်မခွဲ (၄) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၃) အမျိုးသမီးအလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာစဉ်အချိန်မျိုးတွင် လုပ်ငန်းခွင်၌ ကျန်းမာရေးအရ လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်နှင့်တကွ တင်ပြလာပါက လုပ်ငန်းပိုင်ရှင်က သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်။

(၄) ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအား ညအချိန်တွင် စေခိုင်းခြင်းမပြုရ။ ထို့ပြင် မူလလုပ်ခလစာနှင့်ခံစားခွင့်များကို မထိခိုက်စေဘဲ ပေါ့ပါးသောတာဝန်များကိုသာစေခိုင်းရမည်။"

၁၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော "နိုင်ငံတော်သမတက နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်" ဆိုသည့် စကားရပ်ကို "အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံတွင်ပြုလုပ်မှုလုပ်ငန်းစဉ်အရ ပြုလုပ်ရာမှထွက်ရှိသော ဆူညံသံပမာဏကြောင့် အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ထိခိုက်မှုမဖြစ်စေရန်နှင့် မတော်တဆထိခိုက်မှု မဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။"

၂၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၆) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၆) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အနည်းဆုံးအကျယ်အဝန်း သတ်မှတ်ချက်ကို

အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင် မိမိသင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတစ်ခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တစ်ခုခုကိုဖြစ်စေ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။"

၂၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံအက်ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁) တို့တွင် ပါရှိသော "ပြဋ္ဌာန်းသည့်နည်းဥပဒေများ ပြုနိုင်သည်" ဆိုသည့်စကားရပ်ကို "ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃-က။ အလုပ်ရုံများတွင် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုများကို လျှော့နည်းပပျောက်စေရန်အလို့ငှာ လုပ်ငန်းပိုင်ရှင်သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတာဝန်ခံ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းများကို လိုအပ်သလို တက်ရောက်စေရမည်။"

၂၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံ" ဆိုသည့် စကားရပ်ကို "ဆေးခန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၉ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၄၉ တို့တွင် ပါရှိသော "အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ" ဆိုသည့် စကားရပ်ကို "နားနေခန်းများ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အစာစားခန်း" ဆိုသည့် စကားရပ်ကို "စားသောက်ခန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၂၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) မိခင်အလုပ်သမား ၁၀၀ ဦးနှင့်အထက်ရှိသော အလုပ်ရုံတွင် လုပ်ငန်းပိုင်ရှင်သည် ထိုမိခင်အလုပ်သမားများ၏ ငါးနှစ်အောက်ကလေးများအတွက် ကလေးထိန်းဌာနကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကူအညီ ရယူဆောင်ရွက်ရမည်။ မိခင်အလုပ်သမား ၁၀၀ ဦး မပြည့်သည့် အလုပ်ရုံတွင် ယင်းတို့၏ ငါးနှစ်အောက်ကလေးများအတွက် လုပ်ငန်းပိုင်ရှင်က ကလေးထိန်းခန်းကို သင့်လျော်သလို စီမံထားရှိရမည်။"

၂၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "လူပေါင်းတရာအောက် မနည်းခိုင်းစေသော" ဆိုသည့် စကားရပ်ကို "လူနှစ်ဆယ်အောက်မနည်း အလုပ်လုပ်နေသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ကက) ရက်သတ္တပတ် အလုပ်ပိတ်ရက်များ၌ လုပ်ငန်းလိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာသည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေးအရာရှိထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံး သုံးရက်ကြိုတင်၍ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင်"

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ထိုပုဒ်မခွဲရှိ ခြွင်းချက်မှလွဲ၍၊" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၄) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ၆၂ တို့အရ အလုပ်သမားအား ပေးရန်ပျက်ကွက်ခဲ့သည့် ပုဒ်မခွဲ (၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကို ပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက ရထိုက်သော အချိန်ပိုလုပ်ခကိုပေးရန် တာဝန်ရှိသူက ထိုအလုပ်သမားအား ထုတ်ပေးရန် အမိန့်ချမှတ်ရမည်။"

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ တွင် ပါရှိသော "အသက်တဆယ့်သုံးနှစ် မပြည့်သေးသည့်" ဆိုသည့် စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"၇၅-က။ မည်သည့်လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေသော၊ ကျန်းမာရေးထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေသော၊ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော နည်းလမ်းများဖြင့် အလုပ်ခိုင်းစေခြင်းမပြုရ။"

၃၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၆ တွင် ပါရှိသော "အသက်ဆယ့်သုံးနှစ်ပြည့်ပြီး" ဆိုသည့်စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (က) တွင် ပါရှိသော "အသက်ဆယ့်သုံးနှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ကို "အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲငယ် (ခ) တွင် ပါရှိသော "အသက်ဆယ့်ငါးနှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ကို "အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (၂) ၏ နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၃) အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက် လက်မှတ်မရရှိသော မည်သည့်လူရွယ်ကိုမျှ အလုပ်ရုံ၌ ညနေ ခြောက်နာရီမှ နံနက် ခြောက်နာရီအချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။"

၃၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၂ တွင် ပါရှိသော "တရားရုံးကထင်မြင်လျှင်" ဆိုသည့်စကားရပ်ကို "တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီး အောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စစ်ဆေးစီရင်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ -

(က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၄) တွင် ပါရှိသော "ငါးကျပ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်ထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (၆) တို့တွင် ပါရှိသော "ငါးရာထက်မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်းအောက်မနည်းသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၄) တွင် ပါရှိသော "ငွေငါးဆယ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၈၅ တွင် ပါရှိသော "ငါးရာထက်မပိုသောငွေဒဏ် ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက် မနည်းသောငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ခုနစ်ဆယ့်ငါးကျပ်ထက်မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၅၊ ခြွင်းချက် (၁) တွင် ပါရှိသော "ကျပ်ငါးရာတိတိငွေဒဏ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်အောက် မနည်းသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(င) ပုဒ်မ ၈၆ တွင်ပါရှိသော "အနည်းဆုံး နှစ်ရာမှ အများဆုံး တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၈၇၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "နှစ်ဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မ ၈၈ တွင် ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၁၀၇၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "တထောင်ထက် မပိုသည့်ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်ဆယ်သိန်းထက် မပိုသည့်ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မ ၈၉၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "တနေ့လျှင် တရာထက် မပိုသောငွေဒဏ်" ဆိုသည့်စကားရပ်ကို "တစ်နေ့လျှင် ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မ ၉၁ တွင် ပါရှိသော "နှစ်ဆယ်ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဋ) ပုဒ်မ ၉၂ တွင်ပါရှိသော "နှစ်ဆယ်ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် နှစ်ကြိမ်ထက် မပိုစေရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**ပိုးသတ်ဆေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပိုးသတ်ဆေးဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပိုးသတ်ဆေးဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပိုးသတ်ဆေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပိုး**ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသောပိုးကောင်များ၊ မွှားကောင်များနှင့်အပင်ရောဂါပိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်များကို နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင် စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး**ဆိုသည်မှာ ဖျက်ပိုးကို အဝေးသို့ပြေးစေရန်လည်းကောင်း၊ ဖျက်ဆီးရန်လည်းကောင်း၊ ကာကွယ်နှိမ်နင်းရန်လည်းကောင်း သို့မဟုတ် ဖျက်ပိုးကြီးထွားမှုနှင့် အကျိုးတစ်စုံတစ်ရာအတွက် အပင်ကြီးထွားမှုကို ထိန်းချုပ်ရန်လည်းကောင်း ရည်ရွယ်ထားသော ဓာတုပစ္စည်း သို့မဟုတ် တစ်မျိုးထက်ပိုသော ဓာတုပစ္စည်းအရော သို့မဟုတ် အဏုဇီဝပစ္စည်းအရောကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ ပိုးသတ်ဆေးတွင်ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်**ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့်ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့်ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့်အညွှန်းစာနှင့်အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့်နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့်သင့်လျော်သည့်သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက်ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက်ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သောပိုးများကျရောက်ခြင်းမှ ကာကွယ်ရန် သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို တစ်နှစ်ကာလအတွင်းအရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **ဦးစီးမှူး**ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့်ရောင်းချမှု မှန် မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိ မရှိနှင့် ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီခြင်း ရှိ မရှိတို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးက ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ**ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့်ပိုးသတ်ဆေးကိုသုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနကအသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များကအဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ထို့ပြင် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော မှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

## အခန်း (၃)
## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်းပြည့်မီစွာ ပါဝင်ခြင်းရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပိုးကိုနှိမ်နင်းရာတွင်ထိရောက်မှု ရှိ မရှိ စိုက်ခင်းတွင်လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏ လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ အရည်အသွေးရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခွင့်မပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကို ပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့်အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေး ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီကဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျ ဖျက်ဆီးရေးအတွက်လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေး ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည် -

(က) ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေးနည်းပညာ ကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာ ကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

## အခန်း (၄)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း ပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည် -

(က) စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်။

၁၄။ ပုဒ်မ ၁၃ ပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည် -

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲစစ်ဆေးသည့် နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ် ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) ဓာတ်ခွဲစမ်းသပ်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ခကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်းအတွက် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရန် လျှောက်ထားသောလျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပသို့ တင်ပို့ခြင်း ပြုလုပ်လိုသူသည် မှတ်ပုံတင် အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ အချက်များပူးတွဲ၍ တင်ပို့ခွင့်

ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာကို ခွင့်ပြုပါက ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်သည်။

## အခန်း (၅)

## လိုင်စင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၇။ လိုင်စင်လျှောက်ထားသူသည် -

(က) ပြည်ပမှတင်သွင်းသောအဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့် ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်လိုအပ်သည့် ပြည်ပပို့ကုန်များ၊ သိုလှောင်သီးနှံများကို ပိုးသတ်ခြင်းလုပ်ငန်း၊ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လူနေအိမ်ဝန်းကျင်များ၊ သိုလှောင်သည့် နေရာ၊ သယ်ဆောင်ယာဉ်နှင့်ကုန်တင်သေတ္တာများတွင် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)တို့အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ နှင့် (ဃ) တို့အရ လျှောက်ထားရာတွင် သတ်မှတ်ထားသောလိုင်စင်ခကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ လျှောက်ထားရာ၌ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ ချမှတ်နိုင်သည်။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးစမ်းသပ်သုံးစွဲသည့် ကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့် ကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို လွှဲအပ်၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း (၆)

## ဦးစီးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည် -

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့်မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှု နှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

၂၀။ ခရိုင်ဦးစီးမှူးသည် -

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားသောလျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်း ရှိ မရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) မြို့နယ်ဦးစီးမှူးနှင့်စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ဦးစီးမှူးသည် -

(က) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်း ပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီမဟုတ်ဘဲ ရောင်းချခြင်းကိုစစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့်ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန်ညွှန်ကြားသည့်လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

## အခန်း (၇)
## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့်နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်၊ ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

(င) ပိုးသတ်ဆေးများထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ မရှိကို စစ်ဆေးခြင်း၊

(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊

(ဇ) ပိုးသတ်ဆေးများကို စစ်ဆေးရန်အတွက် နမူနာယူခြင်း၊

(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံတင်ပြပြီး ယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့် ရရှိသူသည် -

(က) မှတ်ပုံတင်လက်မှတ်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီး ဖြစ်ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(င) ပြည်ပမှတင်သွင်းခွင့် သို့မဟုတ် ပြည်ပသို့တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှတင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ထောက်ခံချက် ရယူပြီးနောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက် ရယူရမည်။

(စ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း (၉)

## ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်နှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၄။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်းပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှုအဆင့်အတန်း၊ အသုံးပြုရမည့် ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်။

(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။

(စ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၊ ပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင်ရရှိသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်း လိုင်စင်ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊

လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်စေနိုင်ခြင်း ရှိ မရှိတို့အား စစ်ဆေးခြင်း ခံယူရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း (၁၀)
## ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်ကို ဆိုင်တွင် မြင်သာအောင် ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင်ပြောင်းလဲစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာ ရောနှောခြင်း၊ ပြုပြင်ခြင်းနှင့် မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

(စ) ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေးနမူနာများကို ပေးအပ်ရမည်။

(ဇ) ပိုးသတ်ဆေး ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

## အခန်း (၁၁)
## ပိုးသတ်ဆေး သုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည် -

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

(ခ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေး အန္တရာယ်ကင်းရှင်းစွာကိုင်တွယ်ခြင်း နည်းလမ်းများအတိုင်း လိုက်နာသုံးစွဲရမည်။

(ဂ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသောနေရာတွင် ထားရှိခြင်း မပြုလုပ်ရ။

(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ဖျက်ဆီးခြင်း နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေး လမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

၂၈။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၅ ပါ လိုင်စင် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သောလိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကိုသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။

## အခန်း (၁၃)
## အယူခံခြင်း

၂၉။ ပုဒ်မ ၂၈ အရ ခရိုင်ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၃၀။ (က) ပုဒ်မ ၂၇ အရလည်းကောင်း၊ ပုဒ်မ ၂၉ အရလည်းကောင်း ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၄)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်အဖွဲ့၏ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်း၊ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများကို မပြုလုပ်ရ။

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့်သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာစသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုသုံးစွဲလျက် မည်သည့်သတ္တဝါကိုမျှ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ အသက် ၁၈ နှစ်နှင့် ၁၈ နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သောမိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၃၅။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ပတ်ဝန်းကျင်ကိုဖြစ်စေ၊ တစ်စုံတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာခြင်း မရှိစေရ။

၃၆။ ပိုးသတ်ဆေးသုံးစွဲသူ မည်သူမဆို ပုဒ်မ ၂၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် တစ်စုံတစ်ယောက်သောသူအား အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါက ရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၇။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် ပိုးသတ်ဆေး အမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်းမပြုရ။

၃၈။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာနှင့်အတူတွဲ၍ ရောင်းချခြင်းသော်လည်းကောင်း၊ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ ကျခံစေရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်း များကိုလည်း သိမ်းယူခြင်း ခံရမည်။

၄၂။ သက်ဆိုင်ရာ တရားရုံးသည် သိမ်းယူထားသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း (၁၆)
## အထွေထွေ

၄၃။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောအမှုအဖြစ် သတ်မှတ်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၄၆။ ဤဥပဒေမပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မှတ်ပုံတင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၈။ ပိုးသတ်ဆေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နိုင်ငံတကာဆက်ဆံရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်စုစုလွင် | သုံးခွမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ပ) | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဖ) | ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက် ပေးရမည်။

(ခ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါ အချက်များကို ထိန်းညှိကူညီဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲ ဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့

ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

## တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးစိန်ဝင်း | မအူပင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောတင်ဝင်း | ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာစိုးမိုးသူ | မြောင်းမြမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကျော်မြင့် | တိုက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးကျော်မျိုးမင်း | မိုးညှင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းထွန်းနိုင် | ကနီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်မင်းလွင် | မတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့်ရှိန် | မဘိမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဘသိန်း | လင်းခေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နီနီမေမြင့် | တောင်ကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဖေသန်း | မြေပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်သီဟ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးသိန်းထွန်း | ကျောင်းကုန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက် ရမည်။

(ဃ) အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(င) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

(စ) လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဇ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲ ဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာ ဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဈ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

## တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပဲ့ဒူ | ဖရူဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးငြေး | ကော့ကရိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်အောင် | ပလက်ဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကျင်ဝမ်း | ဟိုပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းကျော် | နမ့်ခမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးလမာနော်အောင် | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းမြအောင် (ခ) ဦးစောထွန်းမြအောင် | ဖာပွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးလှထွန်းကျော် | မောင်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နန်းခမ်းအေး | နမ္မတူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်သန်းထွတ်သိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနားမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏သက်တမ်း

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

## ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာသန်းမြင့် | လှိုင်သာယာမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးမြင့် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဒေါ်သက်သက်ခိုင် | ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးအောင်နိုင် | ကျိုက်ပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ချိုချို | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်အောင်ကျော် | ဟိုပုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းထွန်းအောင် | ကျောက်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်တင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏ သက်တမ်း

၃။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏ တာဝန်များ

၅။ ကော်မတီသည် -

(က) ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

## နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို အောက်ပါ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ်(၄)၊ ချင်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဂျေယောဝူ | မဲဆန္ဒနယ်အမှတ်(၁)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးခွန်သိန်းဖေ | မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးမောင်မောင်လတ် | မဲဆန္ဒနယ်အမှတ်(၉)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ဒေါ်နန်းမိုးမိုးထွေး | မဲဆန္ဒနယ်အမှတ်(၄)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးဇော်ဟိန်း | မဲဆန္ဒနယ်အမှတ်(၇)၊ တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဝင်းမြင့် | မဲဆန္ဒနယ်အမှတ်(၁၁)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးချစ်ထွေး | မဲဆန္ဒနယ်အမှတ်(၃)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးရဲမြင့်စိုး | မဲဆန္ဒနယ်အမှတ်(၇)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဦးစခင်ဇော်လင်း | မဲဆန္ဒနယ်အမှတ်(၂)၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းအုန်းကျော် | မဲဆန္ဒနယ်အမှတ်(၄)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်ကိုကို | မဲဆန္ဒနယ်အမှတ်(၁၂)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဖေတင် | မဲဆန္ဒနယ်အမှတ်(၆)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးဇဝန | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ထုမေ | မဲဆန္ဒနယ်အမှတ်(၁၁)၊ ရခိုင်ပြည်နယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီ အမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများဖြစ်သည့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုရေး၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရေးတို့ကို ထိန်းညှိကူညီဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို လေ့လာ၍ ပါဝင်ချုပ်ဆိုရန် လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

(ဂ) ဒေသတွင်းရှိ နိုင်ငံတကာလွှတ်တော်များသို့ ဝမ်းမြောက်ကြောင်း သို့မဟုတ် ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ရေး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

(ဃ) ကုလသမဂ္ဂအဖွဲ့ချုပ်၏ မျက်နှာစာတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့် လုပ်ဆောင်ချက်များကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် လေ့လာရန်၊

(င) အာဆီယံအသင်းကြီး၏ ပဋိညာဉ်နှင့် မဏ္ဍိုင်သုံးရပ်ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံအသင်းကြီး၏ ပဋိညာဉ်ကို ကျော်လွန်၍ မြန်မာနိုင်ငံအကျိုးစီးပွားကို ထိခိုက်အောင် ဆောင်ရွက်မှုများ ရှိ မရှိကို လေ့လာရန်၊

(စ) နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များရှိပါက လွှတ်တော်သို့ တင်ပြရေး ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်မှု ရှိ မရှိ လေ့လာပြီး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရန်၊

(ဇ) ကုလသမဂ္ဂအဖွဲ့အစည်း (UNDP, UNESCO, UNHCR, UNICEF) တို့နှင့် နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့် ညီညွတ်ရေး၊ မိတ်ဝတ်မပျက် စဉ်ဆက်မပျက် ပေါင်းစည်း ဆောင်ရွက်နိုင်ရေး ထိန်းညှိပေးရန်၊

(ဈ) အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်စပ်ပြဿနာများ မိတ်ဖက်ဆောင်ရွက်ချက်များကို လေ့လာ၍ တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရန်၊

(ည) အမျိုးသားအကျိုးစီးပွားအတွက်ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များရှာဖွေခြင်း၊ စုဆောင်းခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရန်၊

(ဋ) ကမ္ဘာ့တိုင်းပြည်များတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်၏ လုံခြုံရေးအား ထိခိုက်လာနိုင်သည့် အလားအလာများကို လေ့လာဆန်းစစ်၍ လွှတ်တော်ဥက္ကဋ္ဌသို့ အချိန်နှင့် တစ်ပြေးညီတင်ပြရန်၊

(ဌ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို Website များမှတစ်ဆင့် လေ့လာမှတ်တမ်းပြုစုထားရှိရန်၊

(ဍ) IPU, AIPA၊ အခြားအပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့် လိုအပ်ပါက ချိတ်ဆက်နိုင်ရန် သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(ဎ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ရက်တိုသင်တန်းများ မြန်မာနိုင်ငံ၌ ကျင်းပလာပါက ကော်မတီဝင်များ အလှည့်ကျတက်ရောက် ပါဝင်ဆွေးနွေးစေခြင်းနှင့် အတွေ့အကြုံပြန်လည်ရှင်းလင်းစေနိုင်ရေး စီစဉ်ပေးရန်၊

(ဏ) လွှတ်တော်တွင် ဖွဲ့စည်းပြီးဖြစ်သော မြန်မာနှင့် အခြားနိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများနှင့် ပေါင်းစပ်လုပ်ကိုင်ရေး ညှိနှိုင်းရန်၊

(တ) ကော်မတီဝင်များအတွက် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို အကျွမ်းတဝင် ရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

(ထ) လွှတ်တော်ဥက္ကဋ္ဌကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များအား ဆောင်ရွက်ရန်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UN) လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော (UNDP, UNESCO, UNHCR, UNICEF) စသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တွေ့ဆုံခွင့်ပြုရန်တင်ပြလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ လက်ခံတွေ့ဆုံနိုင်ရေး ဆောင်ရွက်ပေးရမည်။

(ခ) အာဆီယံအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံလွှတ်တော်များနှင့် ဆက်သွယ် ဆောင်ရွက်ပေးရမည်။

(ဂ) သမားရိုးကျနှင့်သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့်နယ်စပ်ဖြတ်ကျော်မှု များအား ထိရောက်စွာစုပေါင်းတုံ့ပြန်ရန်နှင့် Comprehensive Security ရရှိရေး နိုင်ငံအချင်းချင်း ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် ဆက်ဆံဆောင်ရွက်ပေးရမည်။

(ဃ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက်စေနိုင်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ဆက်ဆံရေးစသည့် အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာတင်ပြရမည်။

(င) "Diplomacy is the first line of Defences" ဟု ဆိုသည့်အတိုင်း နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွင် လွှတ်တော်၏ သံတမန်ဆက်ဆံရေးစွမ်းအား ပိုမိုဖြန့်ကြက်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံအားလုံးရှိ လွှတ်တော်များက ထောက်ခံကူညီပံ့ပိုးမှု ရရှိစေရေးအတွက် သံတမန်နည်းလမ်းဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် မျက်နှာစာပိုမိုကျယ်ပြန့်ကြီးမားလာအောင် စဉ်ဆက်မပြတ် စည်းရုံးဆက်ဆံသွားရမည်။

(စ) လွှတ်တော်အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဆ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ အရေးပါသည့် ပြောင်းလဲကျင့်သုံးမှုများ၊ ထူးခြားဖြစ်စဉ်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပေးရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၆။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၇။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရမဟုတ်သော

ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ်(၆)၊ ပဲခူးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးရှေးရယ်ရှုမောင် | မဲဆန္ဒနယ်အမှတ်(၂)၊ ကယားပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်နော်ဆာမူထူး | မဲဆန္ဒနယ်အမှတ်(၁၁)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးတင်အောင်ထွန်း | မဲဆန္ဒနယ်အမှတ်(၅)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ဒေါ်မြတ်သီတာထွန်း | မဲဆန္ဒနယ်အမှတ်(၅)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးတင်မောင်ဝင်း | မဲဆန္ဒနယ်အမှတ်(၁၀)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးသိန်း(ခ)ဦးမောင်စိုး | မဲဆန္ဒနယ်အမှတ်(၁၀)၊ တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးမျိုးဝင်း | မဲဆန္ဒနယ်အမှတ်(၈)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဦးညီညီထွေး (ခ) ဦးကိုကိုလေး | မဲဆန္ဒနယ်အမှတ်(၁၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်လတ် | မဲဆန္ဒနယ်အမှတ်(၃)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ရွှေရွှေစိန်လတ် | မဲဆန္ဒနယ်အမှတ်(၃)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းဝမ်းလှိုင်းခမ်း | မဲဆန္ဒနယ်အမှတ်(၃)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးအောင် | မဲဆန္ဒနယ်အမှတ်(၁၁)၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာပြည့်ဖြိုး | မဲဆန္ဒနယ်အမှတ်(၇)၊ ဧရာဝတီတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ အရ လွှတ်တော်ကို တာဝန်ခံရန်၊

(ခ) ကော်မတီသည် နိုင်ငံတော်အတွင်း ဖွဲ့စည်းဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် ပြည်ပအဖွဲ့အစည်းများ (INGOs) တို့နှင့်ပတ်သက်၍ သိသင့် သိထိုက်သော အခြေအနေနှင့် အရေးကြီးသောအနေအထားတို့အပေါ် မူတည်၍ လွှတ်တော် ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြရန်၊

(ဂ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်လျော်၍ဖြစ်စေ လေ့လာစေသော သို့မဟုတ် ဆောင်ရွက် စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့် အတိုင်း အစီရင်ခံစာများ ပြုစုတင်ပြရန်၊

(ဃ) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်ပြုစုပြီး ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၃ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့် လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင် ခြင်းတို့ ဆောင်ရွက်နိုင်ရေး စနစ်တကျတင်သွင်းရန်၊

(င) ကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များအခန်း၊ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည့် အခွင့်အရေး များအနက် ပုဒ်မခွဲ (ဂ) ပါ အချက်ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန် အလေးထား ကူညီဆောင်ရွက်ရန် -

**"ပုဒ်မ ၃၅၄။** နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ဖော်ပြပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(၁) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့် ရေးသား ဖြန့်ဝေခွင့်၊

(၂) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(၃) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(၄) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်။"

(စ) အထက်ဖော်ပြပါ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားများအနေဖြင့် လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်မရရှိခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိခြင်း စသောကိစ္စရပ်များတွင် အခြေအနေအရပ်ရပ်အား လေ့လာ၍ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်နှင့်တကွ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်၊

(ဆ) အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိပါးစေနိုင်သည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ဆန့်ကျင်၍ ပြုလုပ် ဆောင်ရွက်နေမှုများကို လေ့လာတွေ့ရှိရပါက ပဏာမလေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌ ထံသို့ အစီရင်ခံစာတင်ပြရန်၊

(ဇ) ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် NGOs နှင့် INGOs များနှင့်ပတ်သက်၍ ကော်မတီ၊ ကော်မရှင် အဖွဲ့စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို လေ့လာ၍ တွေ့ရှိချက်အား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန်၊

(ဈ) ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ဝန်ကြီးဌာနများနှင့် လိုအပ်သလိုဆက်သွယ်၍ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ စာရင်းနှင့်အချက်အလက် များကို လေ့လာစုဆောင်းပြုစုရန်နှင့် အဆိုပါအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ဆက်သွယ်နိုင်မည့် နည်းလမ်းများ၊ လမ်းကြောင်းများဆိုင်ရာအချက်အလက်များကိုလည်း ရယူပြုစုထားရန်၊

(ည) ပြည်တွင်းပြည်ပတို့မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အမျိုးအစားနှင့်လုပ်ငန်းများ အလိုက် ခွဲခြား၍ စာရင်းဇယားများပြုစုထားပြီး ၎င်းတို့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊

တာဝန်လုပ်ငန်းဆောင်ရွက်ပုံနှင့် အောင်မြင်မှု ရှိ မရှိ အခြေအနေများကို လေ့လာသုံးသပ်၍ မှတ်တမ်းများ ပြုစုထားရမည်ဖြစ်ပြီး မှတ်တမ်းများအား လွှတ်တော်ဥက္ကဋ္ဌက တောင်းခံသည့်အခါ စနစ်တကျတင်ပြရန်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကို လည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ခြင်းနှင့် ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်း တင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး အစရှိသည့် လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့လည်း တာဝန်နှင့် ဆက်စပ်မှုရှိပါက သွားရောက်လေ့လာမေးမြန်းဆွေးနွေးနိုင်သည်၊

(ဃ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန် သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်၊

(င) အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့် ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ် ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်၊

(စ) အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် ပတ်သက်၍မူ မိမိက ဆက်သွယ်ဆောင်ရွက်လိုလျှင် ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက် အရ အမျိုးသားလွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်၊

(ဆ) အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်များထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုနိုင်ခြင်းနှင့် အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်၊

(ဇ) အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေး ဆောင်ရွက်ချက်များအား အရေးပါမှု ဦးစားပေးအလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

## ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၆။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်း အဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့်

ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၇။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဒဂုံမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်အေးအေးအောင် (တ/၂၂၆၅) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၇၈/၂၀၁၅)

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)

နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးခင်မောင်မြင့် | ၁/ကမန(နိုင်)၀၁၈၇၈၆ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကယားပြည်နယ်** | | | | |
| (၂) | ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း | ၂/လကန(နိုင်)၀၀၄၈၂၃ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးရှေးရယ်ရှုမောင် | ၂/လကန(နိုင်)၀၁၉၁၉၈ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဒေါ်ရှားမူ | ၂/ဖရဆ(နိုင်)၀၀၁၂၁၃ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်လွီးဇာ | ၂/ဒမဆ(နိုင်)၀၀၁၇၉၄ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးစိုင်းသာစိန် | ၂/ဖဆန(နိုင်)၀၀၁၁၄၄ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဒေါ်နော်မြစေး | ၂/လကန(နိုင်)၀၀၆၇၃၆ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၈) | ဦးစောချစ်ဦး | ၃/လဘန(နိုင်)၀၀၀၆၁၁ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါ်နန်းမိုးမိုးထွေး | ၃/လဘန(နိုင်)၀၆၅၁၀၈ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါ်နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး | ၃/သတန(နိုင်)၀၀၁၂၅၇ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးမန်းဝင်းခိုင်သန်း | ၁၄/ကပန(နိုင်)၀၀၃၂၀၆ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၂) | ဦးငွန်ဟေး | ၄/ဟခန(နိုင်)၀၀၀၅၁၁ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးရှန်အောရ် | ၁၂/လမန(နိုင်)၀၅၃၃၁၅ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဟင်နရီဗန်ထီးယူ | ၁၃/မမတ(နိုင်)၀၂၈၁၁၈ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးမာန်လောမောင်း | ၄/မတန(နိုင်)၀၀၂၄၀၅ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၆) | ဦးကျော်သောင်း | ၅/စကန(နိုင်)၀၁၃၁၇၆ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးအောင်မျိုး | ၅/ရဘန(နိုင်)၀၀၈၀၂၉ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးဝင်းအောင် | ၅/ကဘလ(နိုင်)၀၉၁၆၆၅ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးလှဦး | ၅/မရန(နိုင်)၀၂၉၀၀၂ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးရဲထွန်း | ၁၂/သဃက(နိုင်)၀၁၇၇၁၄ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးဇော်မင်း | ၁၂/စခန(နိုင်)၀၂၈၉၁၄ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးခင်မောင်ဝင်း | ၅/ဝသန(နိုင်)၀၀၄၃၂၈ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးတင်မောင်ဝင်း | ၅/မလန(နိုင်)၀၀၂၂၉၅ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂၄) | ဒေါက်တာစန်းမောင်မောင် | ၇/ပခန(နိုင်)၁၄၇၉၈၅ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါက်တာမိုးမြင့်အောင် | ၇/ပခန(နိုင်)၁၁၃၁၉၈ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဒေါ်ရွှေရွှေစိန်လတ် | ၁၂/ကမရ(နိုင်)၀၃၁၁၇၁ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဒေါက်တာဦးဝင်းမြတ်အေး | ၁၂/ဥကမ(နိုင်)၀၁၄၃၃၇ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါက်တာဝင်းမြင့်ချစ် | ၇/ပမန(နိုင်)၀၆၆၉၁၄ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးအေးချို | ၇/သကန(နိုင်)၀၀၄၆၅၂ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၃၀) | ဦးဝင်းမောင် | ၈/မဘန(နိုင်)၀၂၇၂၄၅ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဒေါ်သန်းသန်းအေး | ၈/မလန(နိုင်)၀၁၇၅၀၄ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးဝင်းမြင့် | ၈/မထန(နိုင်)၀၀၂၇၄၇ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | ဦးမြမင်းဆွေ | ၈/ပခက(နိုင်)၁၆၃၆၃၆ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) | ဒေါက်တာကျော်ငွေ | ၈/ရစက(နိုင်)၀၀၆၅၅၉ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးကျော်ဆွေ | ၈/မမန(နိုင်)၀၉၀၁၈၁ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးပြုံးလွင် | ၈/ဂဂန(နိုင်)၀၃၃၇၆၅ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၃၇) | ဦးခင်ဇော်ဦး | ၁၀/ကမရ(နိုင်)၀၁၈၉၉၅ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးလင်းတင်ဌေး | ၁၀/ခဆန(နိုင်)၀၉၈၈၆၂ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၉) | ဦးလှမြင့်(ခ)ဦးလှမြင့်သန်း | ၇/ပခန(နိုင်)၁၇၉၂၆၄ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | ဒေါ်သီရိရတနာ | ၁၀/ဘလန(နိုင်)၀၆၀၈၁၉ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၄၁) | ဦးစိုင်းလုံစံခတ် | ၁၃/တခလ(နိုင်)၀၀၅၁၂၁ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၂) | ဦးကျော်နီနိုင် | ၁၃/လရန(နိုင်)၀၈၄၅၇၇ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၄၃) | ဦးစိုးမိုး | ၁၄/ပသန(နိုင်)၁၅၆၅၂၉ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးဆန်းမြင့် | ၁၄/လမန(နိုင်)၀၁၇၂၃၅ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးထိန်ဝင်း | ၁၄/ဟသတ(နိုင်)၀၅၃၉၅၆ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) | ဦးမောင်မောင်အုန်း | ၁၂/ဥကတ(နိုင်)၁၃၃၂၅၆ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးမန်းထွန်းကြိုင် | ၁၂/ပဘတ(နိုင်)၀၂၄၀၂၇ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၈) | ဦးသိမ်းဆွေ | ၁၄/ဖပန(နိုင်)၀၀၃၇၆၁ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၉) | ဒေါ်မေသန်းနွဲ့ | ၇/တငန(နိုင်)၀၀၉၈၂၂ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးကြည်ဝင်း | ၁၄/လပတ(နိုင်)၀၀၅၈၆၇ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

အမှတ် ၃။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁

ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော မန္တလေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**မန္တလေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးဝင်းရှိန်<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီးဟန်ထွန်း<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးနိုင်<br>တိုင်းဒေသကြီးဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဃ) | ဦးရဲမင်းဦး<br>တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ဦးမင်းဆွေ<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>တိုင်းဒေသကြီးဥပဒေရုံး<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (စ) | ဒေါ်ဝေဝေဖြိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းငြိမ်း<br>ဥက္ကဋ္ဌ<br>မန္တလေးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးအေးကျော်<br>တိုင်းဒေသကြီးဦးစီးမှူး<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

အမှတ် ၄ ။ ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ၏ သဘောတူညီချက်အရ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်** | **လက်ရှိရာထူး/ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/ ဌာန** |
|---|---|---|
| ဦးဇော်နိုင်ဦး | စာတည်းမှူး<br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့သတင်းစဉ် (ပြည်တွင်း) | စာတည်းမှူးချုပ်<br>လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မြန်မာ့သတင်းစဉ် (ပြည်တွင်း) |

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

အမှတ် ၅ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲမင်းဦး၊ တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး **အစား** ဦးဌေးလှ၊ တိုင်းဒေသကြီးမန်နေဂျာ၊ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

အမှတ် ၆ ။ ။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်/လက်ရှိရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန** |
|---|---|---|
| (၁) | ဦးဇော်မင်းထိုက်<br>(ကပ-၅၁၄၈)<br>ဦးစီးအရာရှိ (စာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ နေပြည်တော် (ရုံးချုပ်)<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ဦးစီးအရာရှိ (စာရင်း) (တာဝန်ခံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ နေပြည်တော် (ရုံးချုပ်)<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| (၂) | ဒေါ်ဇင်မင်းခိုင်<br>(ကပ-၄၅၂၄)<br>ဦးစီးအရာရှိ (စာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ ရန်ကုန်ရုံး<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ဦးစီးအရာရှိ (စာရင်း) (တာဝန်ခံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ငွေစာရင်းဌာနခွဲ၊ ရန်ကုန်ရုံး<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

အမှတ် ၇ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း၊

ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော နေပြည်တော်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးကျော်မြင့် — ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးကိုကိုအောင် — အဖွဲ့ဝင်
နေပြည်တော်ရဲတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးအောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးသိန်းဟုတ် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်

(င) ဒေါ်သင်းသင်းဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးဇော်မင်းထက် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့

(ဆ) ဦးဝေဇင်ထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

အမှတ် ၈ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်/လက်ရှိရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန** |
|---|---|
| ဒေါ်ခင်စောလင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ကရင်ပြည်နယ်ရုံး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ကရင်ပြည်နယ်ရုံး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

အမှတ် ၉ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၎င်းတို့ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သို့ လစာနှုန်းတူ ရာထူးဖြင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်း/ဌာနခွဲ |
|---|---|---|
| (၁) | ဦးမြင့်မောင်မောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ |
| (၂) | ဦးသိန်းထိုက်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

အမှတ် ၁၀ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည် -

| အမည် | လက်ရှိရာထူး/လစာနှုန်း | ပြောင်းရွှေ့သည့်ရာထူး/လစာနှုန်း |
|---|---|---|
| ဦးကျော်ဝင်းလွင် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ<br>ဝန်ကြီးရုံး |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၃/၂၀၁၆)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၁၅) ဆုံးဖြတ်ချက်အရနှင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ လက်အောက်ရှိဌာနများ၏ အမည်ပေါက်ရရှိပြီးနှင့် အမည်ပေါက်ရရှိရန် ဆောင်ရွက်ဆဲ နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းလိုက်သည် -

| စဉ် | ဌာနအမည် | ရှိရင်းမြေ (ဧက) | အမည်ပေါက် ရရှိပြီးမြေဧက | ဆောင်ရွက်ဆဲ မြေဧက | အဆောက်အဦ အရေအတွက် (လုံး) |
|---|---|---|---|---|---|
| (က) | ဝန်ကြီးရုံး | ၂၄. ၀၀၀ | ၂၄. ၀၀၀ | | ၃ |
| (ခ) | စီမံကိန်းဦးစီးဌာန | ၀. ၇၆၀ | ၀. ၇၆၀ | | ၃ |
| (ဂ) | စိုက်ပျိုးရေးဦးစီးဌာန | ၁၁၃၂၇၆. ၁၂၀ | ၆၃၁၃၆. ၃၃၃ | ၅၀၁၃၉. ၇၈၇ | ၈၆၇၄ |
| (ဃ) | ဆည်မြောင်းဦးစီးဌာန | ၆၄၇၄. ၄၇၅ | ၆၈၂. ၉၂၂ | ၅၇၉၁. ၅၅၃ | ၄၇၇၃ |
| (င) | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ၃၈၃. ၅၉၇ | ၁၆၉. ၄၂၀ | ၂၁၄. ၁၇၇ | ၆၆၀ |
| (စ) | စက်မှုလယ်ယာဦးစီးဌာန | ၁၅၆၈. ၇၃၁ | ၅၃၂. ၇၉၁ | ၁၀၃၅. ၉၄၀ | ၁၉၀၉ |
| (ဆ) | ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန | ၈၁၁. ၄၃၂ | ၁၃၃. ၄၃၄ | ၆၇၇. ၉၉၈ | ၁၆၈၅ |
| (ဇ) | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန | ၃၄၈၄. ၄၁၆ | ၂၉၇၄. ၈၃၉ | ၅၀၉. ၅၇၇ | ၉၄၆ |
| (ဈ) | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ၃၃၈. ၈၆၀ | ၁၄၁. ၀၀၀ | ၁၉၇. ၈၆၀ | ၃၉၂ |
| (ည) | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၇၀. ၀၆၆ | ၄၀. ၈၆၅ | ၂၉. ၂၀၁ | ၃၈၉ |
| | **စုစုပေါင်း** | **၁၂၆၄၃၂. ၄၅၇** | **၆၇၈၃၆. ၃၆၄** | **၅၈၅၉၆. ၀၉၃** | **၁၉၄၃၄** |

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၁၄/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ လုပ်ငန်း/ဌာန၊ တက္ကသိုလ်များအမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော နိုင်ငံတော်ပိုင်မြေဧရိယာ (၁၁၀၉၁. ၀၂၁) ဧကနှင့် အဆောက်အအုံစုစုပေါင်း

(၁၁၆၀၁) လုံးတို့အား မှတ်တမ်းတင်ထားရှိရန် သဘောတူခွင့်ပြုပြီး ဖြစ်ပါသဖြင့် ၎င်းမြေနှင့် အဆောက်အအုံများအား နိုင်ငံတော်ကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများအဖြစ် သတ်မှတ်လိုက်သည်။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၂၄၆/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် )

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက် ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများကို စာရွက်စာတမ်းအထောက်အထားများနှင့်တကွ စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ အောက်ပါအတိုင်း တင်ပြခဲ့ပါသည် -

| စဉ် | ဌာန | မြေဧရိယာ | အဆောက်အအုံ |
|---|---|---|---|
| (က) | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန | (၁၇၀၇၉. ၇၂၆၀) ဧက | (၁၆၆၃) လုံး |
| (ခ) | မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | (၃၇၁၂. ၀၆၈) ဧက | (၂၅၇၆) လုံး |
| (ဂ) | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | (၄၄၃၆. ၂၉၆၇) ဧက | (၂၄၈၁) လုံး |
| (ဃ) | ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | (၁၃၀၅၈. ၀၉၆) ဧက | (၁၁၂၂) လုံး |
| (င) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | (၁၅၀. ၇၄၈၀) ဧက | (၅၅၃) လုံး |
| (စ) | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | (၁၅၈. ၆၈၂၈) ဧက | (၃၆၄) လုံး |
| | **စုစုပေါင်း** | **(၃၈၅၉၅. ၆၁၇၅) ဧက** | **(၈၇၅၉) လုံး** |

၂။ အထက်ဖော်ပြပါ နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများစာရင်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၅) မှ သဘောတူအတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ပိုင်မြေဧရိယာ (၃၈၅၉၅. ၆၁၇၅) ဧကနှင့် အဆောက်အဦစုစုပေါင်း (၈၇၅၉) လုံးတို့အား နိုင်ငံတော်ကိုယ်စား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများအဖြစ် သတ်မှတ်လိုက်သည်။

ခင်မောင်စိုး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်<br>( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) ၏ အတည်ပြုချက်အရ နိုင်ငံတော်သမ္မတရုံးမှ အောက်ဖော်ပြပါ အရာထမ်းများအား လစာနှုန်းတူရာထူးဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ညနေပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** | **လစာနှုန်း** |
|---|---|---|---|
| (၁) | ဦးဝင်းကျော် | ဦးစီးအရာရှိ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |
| (၂) | ဦးထွန်းစိုး | ဦးစီးအရာရှိ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံးတွင် ဒေါ်ယမင်းသူဇာခိုင် [၇/ရတန (နိုင်) ၀၉၉၈၅၉] အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ဒေါ်ယမင်းသူဇာခိုင်အား လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာ ၂၇၀,၀၀၀/- ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၆)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် စတိုးထွင်မှူးခိုင် [၁၄/ကပန (နိုင်) ၁၂၂၇၃၄] အား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ စတိုးထွင်မှူးခိုင်အား လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တွင် အမြင့်ဆုံးလစာ ၃၀၀,၀၀၀/- ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၁၀၀/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၆/မြို့မကွင်း)၊ ဦးပိုင်အမှတ် (၃၈) မှ မြေဧရိယာ (၁. ၈၇) ဧကအား **"အနောက်ကျောင်းတိုက်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၁/၂၀၁၅)

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၁၀၁/တပ်လန်ကွင်း)၊ ဦးပိုင်အမှတ် (မ^၂)၊ မြေဧရိယာ (၂. ၀၃၂) ဧကအား **"တပ်နယ်နှစ်ခြင်းခရစ်ယာန် အသင်းတော်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၂/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၇၂၆/စိုင်ပြင်ရွာမ၊ ဦးပိုင်အမှတ် (၁၆၅/၁၈၆) မှ မြေဧရိယာ (၄. ၀၅) ဧကအား **"ရာဟုလာဓမ္မ သင်တန်းကျောင်းတိုက်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### အေးရှားမတယ် စလူးရှင်း မြန်မာ [အေအမ်အက်(စ်)] ကုမ္ပဏီလီမိတက်
### [ASIA METAL SOLUTION MYANMAR (AMS) COMPANY LIMITED]

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **အေးရှားမတယ် စလူးရှင်း မြန်မာ [အေအမ်အက်(စ်)] ကုမ္ပဏီလီမိတက်** အား ၂၀၁၆ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းဌေးညွန့် (တရားလွှတ်တော်ချုပ်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်ခင်သန်းဦး (Royal Treasure Audit Firm) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်ခဲ့ပြီး ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဆုမွန်ကျော်
မန်နေးဂျင်းဒါရိုက်တာ
အေးရှားမတယ် စလူးရှင်း မြန်မာ
[အေအမ်အက်(စ်)] ကုမ္ပဏီလီမိတက်

ဦးဝင်းဌေးညွန့်
B.Sc. (Hons.), HGP., RL, D.B.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၃၉၇၃၁၃

## WAN HAI LINES (MYANMAR) LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **WAN HAI LINES (MYANMAR) LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၄-၃-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ)] [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်စပယ်ဦး | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | အထက်တန်းရှေ့နေ |
| WAN HAI LINES (MYANMAR) LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## MYANMAR ASIA STAR COMPANY LIMITED

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (c) အရ

နောက်ဆုံးအစည်းအဝေး

MYANMAR ASIA STAR COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (c) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - ၂၄၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

MYANMAR ASIA STAR COMPANY LIMITED

**ဝင်းဝင်းပါရမီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

**ဝင်းဝင်းပါရမီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ်- ၇၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဝင်းဝင်းပါရမီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

**MICRO STAR MINING COMPANY LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

MICRO STAR MINING COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို တိုက် (စီ)၊ အခန်း (၄၀၃)၊ (၄) လွှာ၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MICRO STAR MINING COMPANY LIMITED

## MYANMAR CRIMSOM CONSULTANCY COMPANY LIMITED

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

MYANMAR CRIMSOM CONSULTANCY COMPANY LIMITED ၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င) အရ နောက်ဆုံး အစည်းအဝေးကို တိုက် (စီ)၊ အခန်း (၄၀၂)၊ ဒဂုံစင်တာ၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

MYANMAR CRIMSOM CONSULTANCY COMPANY LIMITED

## ဇေယျာရွှေရည် သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

**ဇေယျာရွှေရည် သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်**၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံး အစည်းအဝေးကို အမှတ်- ၁၀၃ (အေ)၊ မဟာဗန္ဓုလလမ်း၊ နှင်းဆီပန်းခြံ (၂)၊ (၂၇) ရပ်ကွက်၊ မြောက်ဒဂုံ မြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဇေယျာရွှေရည် သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

**ခရေပင် ခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

**ခရေပင် ခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ်- ၁၅၊ (၄) လွှာ၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ခရေပင် ခရီးသွားလာရေးလုပ်ငန်း ကုမ္ပဏီလီမိတက်

**LIQUID MARKETING COMPANY LIMITED**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ

နောက်ဆုံးအစည်းအဝေး

LIQUID MARKETING COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - ၂၇၊ ဒုတိယထပ်၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၄-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

LIQUID MARKETING COMPANY LIMITED

## AYEYAR HINTHAR MINING CO., LTD.

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၁၈-၄-၂၀၁၆ ရက်နေ့ နံနက် ၁၁း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရဲတံခွန်တာဝါ၊ အမှတ် (၅၃၁)၊ အခန်း (၁၁၀၄) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D.Jap, M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၁-၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

## MYANMAR ASIA PLASTIC INDUSTRY CO., LTD.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **Myanmar Asia Plastic Industry Co.,Ltd.** အား (၁၈. ၃. ၂၀၁၆) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်လုပ်ကိုင်ခွင့်လက်မှတ်အမှတ် (၁၅၆)၊ အမှတ် ၁၁ (အေ/ဘီ) ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၂၅. ၄. ၂၀၁၆) ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

U WO YIN YIN
Managing Director
Myanmar Asia Plastic Industry Co.,Ltd.

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၅-၃-၂၀၁၆။